**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၁၀၃/ ၂၀၁၁]

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- နိုင်ငံတော်၏ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ နိုင်ငံတကာတွင်ရှိသော လူဦးရေဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် NCPD ကို ပြည်ထောင်စု အစိုးရအဖွဲ့က ဖွဲ့စည်းလိုက်သည်။ (EMG 080112) Read More…
- အကျဉ်းသား ၆၅၁ ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ၄၀၁ ပုဒ်မခွဲ ၁ အရ သမ္မတ ဦးသိန်းစိန်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုလုပ်ကြောင်း ဇန်နဝါရီ ၁၂ ရက်နေ့ အစိုးရရုပ်သံသတင်းမှ ထုတ်ပြန်ကြေညာလိုက်သည်။ (BBC 120112) Read More…, VOA…, EMG…
- မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရဘက်မှ စာအား၊ နှုတ်အားဖြင့် ဆက်သွယ်ဆောင်ရွက်မှုများ ကမ်းလှမ်းလာခဲ့ကြောင်း ABSDF ဒု-ဥက္ကဌ ကိုမျိုးဝင်းကပြောသည်။ (BBC 120112) Read More…
- ကရင်အမျိုးသားအစည်းအရုံး KNU နှင့် အစိုးရတို့အကြား ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပထမဆုံးအကြိမ် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မီးရထားဝန်ကြီး ဦးအောင်မင်းက အတည်ပြု ပြောကြားလိုက်သည်။ (BBC 120112) Read More…, VOA…, RFA…
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်ချက်ဟုဆိုသော သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသာများနှင့်အတူ ထောက်လှမ်းရေးမှူးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ဦးခင်ညွန့်၊ အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး ဦးနေဝင်း၏ မြေးဖြစ်သူ ကိုဇွဲနေဝင်းနှင့် သားမက်ဖြစ်သူ ဦးအေးဇော်ဝင်းတို့ကို လွှတ်ပေးလိုက်သည်။ (BBC 130112) Read More…, VOA…
- သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ လွှတ်ပေးလိုက်သည့် အကျဉ်းသား ၆၅၁ ဦးထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ တင်ပြထားသည့် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများစာရင်းမှ ၃၀၂ ဦးပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ဇန်နဝါရီ ၁၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (BBC 140112) Read More …, VOA…, Irrawaddy…

## ကြံ့ဖွံ့ပါတီ

- ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အဖွဲ့ဝင် ၁၃ ဦးပါရှိသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မွတ်ဆလင် ခေါင်းဆောင် ဦးအောင်ဇော်ဝင်းနှင့် ပြည်နယ်စီးပွားရေးဝန်ကြီး ဦးမြအောင်တို့သည် ရခိုင်ပြည်နယ် အနောက်ဘက် နယ်စပ်မြို့ နစ်မြို့ဖြစ်သော ဘူးသီးတောင်နှင့် မောင်တောကို ဇန်နဝါရီ ၁၀ ရက်နေ့က လာရောက်လည်ပတ်ခဲ့ကြောင်း မောင်တောမြို့ခံတစ်ဦးက ပြောသည်။ (Narinjara 110112) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### တပ်မတော်

#### (က) စစ်ဆင်ရေး

- ကချင်ပြည်နယ် အနောက်ဘက် ဖားကန့် ကျောက်စိမ်းမော် (Hpakan Uru Sengmaw) သွားလမ်းတွင် မြန်မာအစိုးရတပ်ဖွဲ့နှင့် KIA တပ်ဖွဲ့အကြား တိုက်ပွဲများဖြစ်ပွားနေသောကြောင့် ထိုနေရာအနီးတစ်ပိုက်ဒေသမှ ယခုချိန်ထွက်ပြေးတိမ်းရှောင်နေသော စစ်ပြေးဒုက္ခသည်များ ၈၀၀ ကျော်နေပြီဖြစ်ကြောင်း ဒေသခံများကပြောသည်။ (KNG 090112) Read More…
- ကရင်အမျိုးသားအစည်းအရုံး KNU နှင့် မြန်မာအစိုးရတို့ ဘားအံမြို့၌ ပဏာမ လက်မှတ်ထိုးသည့်နေ့တွင် ဖာပွန်မြို့နယ်၊ ဖါ့သိုးခို့ကျေးရွာတွင် လှုပ်ရှားနေသည့် မြန်မာစိုးရတပ်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ကို စတင် ပစ်ခတ်မှုကြောင့် တိုက်ပွဲဖြစ်ပွား ကာ နစ်ဖက်ထိခိုက်သေဆုံးမှုများရှိခဲ့သည်။ (KIC 130112) Read More…

#### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း မြစ်ကြီးနားမြို့နယ် တာလောကြီးရွာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဂမ်းဆိုင်းကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့်ပတ်သက်သည်ဟုဆိုကာ အစိုးရတပ်မှ စွပ်စွဲဖမ်းဆီးထားခြင်းမှာ ၈ ရက်ခန့်ကြာမြင့်လာသော်လည်း ပြန်မလွှတ်ပေးသေးသည့်အတွက် မိသားစုဝင်များက စိုးရိမ်ပူပန်လျက်ရှိနေသည်ဟု ဇနီးဖြစ်သူ ဒေါ်မာခေါ်န်ကပြောသည်။ (DVB 120112) Read More…

### အခြားနိုင်ငံရေးပါတီများ

- သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP အနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ ရှမ်းပြည်နယ် မဲဆန္ဒနယ်မြေ ၂ နေရာနှင့် ကချင်ပြည်နယ်တွင် ၁ နေရာတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ဆုံးဖြတ်ထားကြောင်း၊ ကိုယ်စားလှယ်လောင်းများကိုလည်း သတ်မှတ်ထားပြီဖြစ်ကြောင်း SNDP ဗဟိုကော်မတီဝင် ဦးစောသန်းမြင့်ကပြောသည်။ (BBC 100112) Read More…
- ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ၂ ရက်ကြာခရီးဖြင့် ရောက်ရှိလာခဲ့သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ကို ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်းရင်းသား ညီနောင် ၅ ပါတီက တင်ပြခဲ့ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ နိုင် ငွေသိန်း (ခေါ်) နိုင်ဂျူနူမွန်က ပြောသည်။ (KIC 100112) Read More…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲကို အာဏာပိုင်များက လွတ်လပ်မျှတစွာ ကျင်းပပေးဖွယ်ရှိသည်ဟု နိုင်ငံရေးပါတီ အများအပြားက ယူဆနေကြကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ဥက္ကဋ္ဌ ဦးသုဝေကပြောသည်။ (Irrawaddy 130112) Read More…

### လွှတ်တော်

#### (က) အမျိုးသားလွှတ်တော်

- ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော အကျဉ်းသားများထပ်မံလွတ်မြောက်ရေးအတွက် လာမည့်လွှတ်တော်အစည်းအဝေးများတွင် ထပ်မံတိုက်တွန်းသွားမည်ဟု အမျိုးသားလွှတ်တော်အမတ် ဒေါက်တာမြတ်ဉာဏစိုးကပြောဆိုလိုက်သည်။ (The Myanmar Post 090112) Read More…
- ဇန်နဝါရီ ၁၀ ရက်နေ့ထုတ် အစိုးရပိုင်သတင်းစာမှ ဖော်ပြပါ လာမည့် ဇန်နဝါရီ ၃၁ ရက်နေ့မှ ပြန်လည်စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ရ/သုံးမှန်းခြေ ငွေစာရင်း Budget ဥပဒေကို အဓိကထား ဆွေးနွေးရန်ရှိသည်ဟု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။ (VOA 100112) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

(ခ) ပြည်သူ့လွှတ်တော်

- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဗြိတိန်ပါလီမန်ရေးရာများကို လေ့လာခွင့်ရလိုကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွန်ခဲ့သည့် ဇန်နဝါရီ ၅ ရက်နေ့က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂီလီယံဟေ့ဂ်နှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (The Myanmar Post 090112) Read More…

အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ အကျဉ်းသား (၆၅၁) ဦးအား အကျဉ်းထောင်အသီးသီးမှ လွတ်ပေးခဲ့ခြင်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုကြောင်း ဇန်နဝါရီ ၁၄ ရက်နေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာလိုက်သည်။ (Khit Lu Nge 140112) Read More…

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ကြားဖြတ်ရွေးကောက်ပွဲအတွက် မန္တလေးတိုင်းရှိ နေပြည်တော် ၄ မြို့နယ်အပါအဝင် လစ်လပ်နေရာ ၁၀ ခုအားလုံးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အမတ်လောင်းများကို ရွေးချယ်နေသည်ဟု မန္တလေးတိုင်း အဖွဲ့ချုပ် အောင်နိုင်ရေးအဖွဲ့ဝင် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။ (RFA 080112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ဦးဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာ၌ ဒေါ်အောင်ဆန်းစုကြည်ကို ဥက္ကဋ္ဌ တာဝန်ပေးအပ် လိုက်ပြီး ငယ်ရွယ်သည့် မျိုးဆက်သစ်များပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ယခင်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ထဲမှ ၆ ဦးပါဝင်မည်ဟု သဘာပတိအဖွဲ့၏ နယက ဦးတင်ဦးက ပြောသည်။ (BBC 090112) Read More…
- ဒေါ်အောင်ဆန်းစုကြည်က လာမည့်ကြားဖြတ် ရွေးကောက်ပွဲတွင် အနိုင်ရ၍ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမည်ဆိုပါက ၎င်းကို အစိုးရအဖွဲ့ထဲ၌ သင့်တော်သည့်တာဝန် တစ်ခုခုပေးနိုင်ဖွယ်ရာရှိသည်ဟု သမ္မတ၏နိုင်ငံရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇင်လတ် က ဇန်နဝါရီ ၉ ရက်နေ့က ပြောဆိုလိုက်သည်ဟု နိုင်ငံတကာသတင်းဌာနများကရေးသားဖော်ပြထားသည်။ (RFA 090112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဇန်နဝါရီ ၉ ရက်နေ့တွင် ပါတီဆိုင်းဘုတ်တင်အခမ်းအနားပွဲတစ်ရပ်အား ပြုလုပ်ကျင်းပခဲ့ကာ ပါတီဝင်လျှောက်လွှာတစ်သန်းခန့်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ရောင်းချပေးခဲ့ကြောင်း ပါတီဝင်တစ်ဦးဖြစ်သူ ဦးနိုင်းနိုင်းကပြောသည်။ (Myit Makha 090112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဇန်နဝါရီ ၉ ရက်နေ့က ပြုလုပ်သည့် CEC အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်အား CEC ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးတင်ဦးအား သဘာပတိ အဖွဲ့၏ နာယက အဖြစ်လည်းကောင်း ပြောင်းလဲ တာဝန်ပေးလိုက်ကြောင်း အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကပြောသည်။ (Mizzima 090112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်း ကော့မှူး မြို့နယ် မဲဆန္ဒနယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ဇန်နဝါရီ ၁၀ ရက်နေ့တွင် အတည်ပြုပြောကြားလိုက်သည်။ (BBC 100112) Read More…, VOA …
- သာမန်ပြည်သူများ ရပိုင်ခွင့်ဆုံးရှုံးနေခြင်းကို အစိုးရအနေဖြင့် လုပ်ဆောင်ပေးရန် တကိုယ်တော်ဆိုင်းဘုတ်ထောင်ဆန္ဒပြခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးစိုးကြွယ်ကို တောင်ဒဂုံမြို့နယ် ရဲစခန်းကခေါ်ယူ စစ်ဆေးပြီးနောက်ပြန်လည်လွှတ်ပေးလိုက်သည်။ (BBC 100112) Read More…, VOA…, Irrawaddy…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများထဲတွင် လူငယ်အရေအတွက် သုံးပုံတစ်ပုံ ပါဝင်မည်ဟု ရန်ကုန်တိုင်း မဲဆန္ဒနယ်မြေတစ်နေရာ၌ ပါဝင်ယှဉ်ပြိုင်မည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုဖြိုးမင်းသိန်းကပြောသည်။ (RFA 100112) Read More…
- ပြည်သူများ၏ အနာဂတ်ဘဝသာယာဝပြောရေးကို လက်တွေ့ပုံဖော်နိုင်ရေးအတွက် မိမိတို့နိုင်ငံရေးလုပ်ငန်းများဆောင်ရွက်နေ ခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ ၁၁ ရက်နေ့က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးကော်မတီရုံးဖွင့်ပွဲအခမ်းအနားတွင်ပြောကြားလိုက်သည်။ (RFA 110112) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ပြည်သူ့အသံနှင့်ဆန္ဒကို ကိုယ်စားပြုသည့်ရွေးကောက်ပွဲဖြစ်လာရန်နှင့် ပြည်သူလူထု လိုချင်သည့်အစိုးရတစ်ရပ် ပေါ်ပေါက်လာရန် အတွက် အားလုံးပူးပေါင်းပါဝင်ကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးကော်မတီရုံးဖွင့်ပွဲ အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။ (VOA 110112) Read More..., Irrawaddy...
- ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ၎င်းတို့ပါတီ ကိုယ်စားလှယ်လောင်း ဦးရေ စာရင်း ထုတ်ပြန်ကြေညာပြီးသည်နှင့်တပြိုင်နက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းကို စတင်တော့မည်ဖြစ်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးညာဏ်ဝင်းက ပြောသည်။ (KIC 110112) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်အရွေးခံ မည့် ကော့မှူးမြို့နယ်မှ ကျေးရွာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မြို့နယ်အောင်နိုင်ရေးအဖွဲ့ဝင်များက ဇန်နဝါရီ ၁၁ ရက်နေ့တွင် သွားရောက်စည်းရုံးခဲ့သည်ဟု အဖွဲ့ချုပ်ဝင် မစုစုနွေးကပြောသည်။ (RFA 110112) Read More...
- ၂၀၁၀ လွှတ်တော်အမတ်များဖြစ်သည့် လသာမြို့နယ် အောက်လွှတ်တော်အမတ် ဦးကြည်မြင့်နှင့်ရန်ကုန်တိုင်း အထက်လွှတ်တော် အမတ် ဒေါက်တာမြတ်ညာဏစိုးတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သို့ ပါတီဝင်အဖြစ် ဇန်နဝါရီ ၁၀ ရက်နေ့ကလျှောက်လွှာ တင်လိုက်ကြပြီဖြစ်သည်ဟုပြောသည်။ (Mizzima 110112) Read More...
- ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ကြေညာလိုက်ပြီး ရန်ကုန်တိုင်း ၆ မြို့နယ်တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသမီး ၄ ဦးနှင့် အမျိုးသား ၂ ဦး ပါဝင်မည်ဟု အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောသည်။ (DVB 120112) Read More..., RFA..., YMG...
- ဒု-သမ္မတ ဒေါက်တာစိုင်းမောင်ခမ်း အနိုင်ရခဲ့သောမဲဆန္ဒနယ်တွင် ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အမတ် ဦးစိုင်းမြင့်မောင်က ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း NLD ပါဝင်သူတစ်ဦးဖြစ်သည့် ဒေါ်ခင်မိုးမိုး က ပြောသည်။ (Mizzima 120112) Read More...
- ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအချို့၏ အမည်စာရင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဇန်နဝါရီ ၁၂ ရက်နေ့က ထုတ်ပြန်ရာ ပါတီနှင့်နီးစပ်သူ ၃ ဦးဖြစ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဖြိုးမင်းသိန်း၊ လွန်ခဲ့သည့် တစ်နှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အားအနီးကပ်ကူညီခဲ့သူ ဒေါ်စုစုလွင်၊ စိုက်ပျိုးရေးပညာရှင် ဦးစိန်ဝင်းဟန်တို့ဖြစ်ကြောင်း ပါတီ ပြောခွင့်ရ ပုဂ္ဂိုလ်ဦးအုန်းကြိုင်က ပြောသည်။ (Irrawaddy 120112) Read More...
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ကိုရွေးချယ်ထားသဖြင့် ထိုဒေသရှိ ပြည်သူများ၊ နိုင်ငံရေးသမားများက ဂုဏ်ယူဝမ်းသာနေကြသည်ဟု NLD ၏ ကော့မှူးမြို့နယ် ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီ တာဝန်ခံဦးအေးသိန်းကပြောသည်။ (Irrawaddy 120112) Read More...
- အထင်ကရနိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးလိုက်ခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ခြေလှမ်းကောင်းအဖြစ် ဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ရှုမြင်ကြောင်းနှင့် ၎င်းတို့တင်ပြထားသည့် နိုင်ငံရေးအကျဉ်းသားစာရင်းများအရ ထက်ဝက်ခန့် ကျန်ရှိနေဆဲ ဖြစ်ကြောင်း အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောသည်။ (VOA 140112) Read More...

## (ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- ကုလသမဂ္ဂမှ သမ္မတဦးသိန်းစိန် အစိုးရကို ဖိအားပေးပြောဆိုရန်အတွက် အချက် ၃ ချက်ဖြစ်သော နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများ စစ်ဆေးရပ်စဲရေးနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးတို့ကို မဖြစ်မနေကောင်အထည်ဖော်ရန် ညီညွတ်သော တိုင်းရင်းစသားလူမျိုးများမဟာမိတ်အဖွဲ့ UNA ခေါင်းဆောင်များက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီးမွန်းထံ တောင်းဆိုစာပေးပို့လိုက်သည်။ (RFA 080112) Read More...
- တောင်ငူထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ၎င်းအနေဖြင့် နိုင်ငံရေးကိုဆက်လက်သွားမည်ဖြစ်ကြောင်းနှင့် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောဆိုလိုက်သည်။ (BBC 130112) Read More...

## (ဂ) အခြားတက်ကြွလှုပ်ရှားသမားများ

- နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားမှု ပြန်လည်စတင်မှုအဖြစ် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်များ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် နိုင်ငံရေးအကျဉ်းသားမိသားစုကွန်ယက်အဖွဲ့ဝင်များပါဝင်သည့် လူ ၇၀ ကျော်ခန့်က ရန်ကုန်မြို့ရှိ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များ၏ နေအိမ်များကို ဇန်နဝါရီ ၈ ရက်နေ့တွင် လိုက်လံအားပေးခဲ့ကြ သည်။ (BBC 080112) Read More..., RFA...
- နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် "လွတ်" ဆိုသည့်စာတမ်းပါ တီရှပ်များဝတ်ဆင်သည့်လှုပ်ရှားမှုတစ်ရပ်ကို ၈၈ မျိုးဆက်ကျောင်းသားများ၊ Generation Wave အဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုဝင်များက စတင်လိုက်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်း ကိုကိုကြီး (စမ်းချောင်း)ကပြောသည်။ (BBC 100112) Read More...
- ကျောင်းသားသမဂ္ဂများ ဖြစ်ထွန်းပေါ်ပေါက်ရေးကော်မတီတစ်ရပ်ကို လွန်ခဲ့သည့်ရက်ပိုင်းက မန္တလေးမြို့တွင် စတင်ဖွဲ့စည်းလိုက်ပြီး မကြာခင်တရားဝင်မှတ်ပုံတင်ရန် ကြိုးစားသွားမည်ဟု ဗကသ ပြန်လည်ပေါ်ပေါက်ရေးကော်မတီပြောခွင့်ရသူ ကိုရဲရင့်အောင်က ပြောသည်။ (DVB 120112) Read More...
- သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ထောင်ထဲရှိ ဘ၀တူ နိုင်ငံရေးအကျဉ်းသားများနှင့် ရဟန်းသံဃာတော်များ ကျန်ရှိနေသေးသည့်အတွက် မပျော်နိုင်ကြောင်းနှင့် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်သည် မပြည့်စုံသေးကြောင်းပြောဆိုလိုက်သည်။ (BBC 130112) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသားအစည်းအရုံး KNU မှ တောင်းဆိုချက်များကို ပြေပြေလည်လည် ညှိနှိုင်းပြီးချိန်မှ အစိုးရနှင့် အပစ်ရပ်ရေး သဘောတူညီချက် လက်မှတ်ထိုးနိုင်မည်ဟု KNU ငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် စောဒေဗစ်ထောက ဇန်နဝါရီ ၁၀ နေ့တွင် ပြောကြားလိုက်သည်။ (RFA 100112) Read More..., Mizzima..., Irrawaddy...
- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ကို လာရောက်နေသည့် ကရင်အမျိုးသားအစည်းအရုံး KNU ကိုယ်စားလှယ်များကို ဘားအံမြို့ခံ ထောင်ပေါင်းများစွာက ဒုံးအကများနှင့် ကြိုဆိုခဲ့ကြသည်ဟု ဘားအံမြို့ခံတစ်ဦးကပြောသည်။ (DVB 110112) Read More...
- အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် ဇန်နဝါရီ တတိယအပတ်အတွင်း ထပ်မံဆွေးနွေးရန်ရှိကြောင်း၊ လွတ်လပ်သည့် နိုင်ငံရေး ဆွေးနွေးမှု ဖြစ်ပေါ်လာရန် တင်ပြသွားမည်ဖြစ်ကြောင်း သျှမ်းပြည်တပ်မတော် တောင်ပိုင်းခေါ် ရှမ်းပြည်ပြန်လည် တည်ဆောက်ရေးကောင်စီ SSA/ RCSS အဖွဲ့ ဒု-ပြောရေးဆိုခွင့်ရှိသူ စိုင်းဆိုင်မိန်းကပြောသည်။ (NMG 110112) Read More...
- ဇန်နဝါရီ လဆန်းပိုင်းက ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး CNF တို့တွေ့ဆုံဆွေးနွေးရေး သဘောတူညီချက်၌ CNF အတွက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး သတ်မှတ်ချက်အပါအဝင် သျှမ်းပြည်တပ်မတော်၏ တောင်းဆိုချက်ထက် ၅ ချက်ပိုကြောင်း သျှမ်းပြည် အရေးလေ့လာသည့် သျှမ်းတပ်အရာရှိဟောင်းတစ်ဦးကပြောသည်။ (S.H.A.N 110112) Read More...
- ဖားကန့်ဒေသတွင် ဇန်နဝါရီလ ဒုတိယပတ်အတွင်း စစ်ရေးတင်းမာမှုကြောင့် တိုက်ပွဲများဖြစ်ပွားမည်ကို ဒေသခံများစိုးရိမ်သောကြောင့် သတိဖြင့်သွားလာရန် တိုက်တွန်းထားသည်ဟု ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 110112) Read More...
- ပါတီညီလာခံ အပြီးတွင် မွန်အမျိုးသားရေးရာ နီးနှောဖလှယ်ပွဲနှင့် လုံးပမ်းရမည် ဖြစ်သည့်အတွက် ဇန်နဝါရီလအတွင်း မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စ မဆွေးနွေးနိုင်သေးကြောင်း မွန်ပြည်သစ်ပါတီ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာကပြောသည်။ (Mizzima 110112) Read More...
- အစိုးရနှင့်ကရင်အမျိုးသားအစည်းအရုံး (KNU) တို့၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များ ဘားအံမြို့တွင် ဇန်နဝါရီ ၁၂ ရက်နေ့ တွေ့ဆုံဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရန်အတွက်သဘောတူလိုက်ကြပြီး သဘောတူညီချက်များတွင် ဆက်ဆံရေးရုံးများဖွင့်ရန်၊ ထိန်းချုပ်နယ်မြေများတွင် ဖြတ်သန်းသွားလာသည့်အခါ လက်နက်ကိုင်ဆောင်ခြင်းမပြုရန်တို့လည်းပါဝင်ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ငြိမ်းချမ်းရေးအကျိုးဆောင် ဦးငွေစိုးကပြောသည်။ (Irrawaddy 120112) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် နမ့်အွန်နှင့် နမ့်ဖတ်ကာရွာအကြားတွင် ဇန်နဝါရီ ၁၁ ရက်နေ့ နံနက် ၄ နာရီခန့်က KIA နှင့် မူစယ် - မန္တလေးလမ်း လုံခြုံရေးယူထားသည့် နမ့်ဖတ်ကာအခြေစိုက် ခလရ ၁၂၃ တပ်ဖွဲ့တို့အကြား ၃ နာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရဘက်မှ ၂ ဦးသေဆုံး၍ ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နယ်စပ်စစ်ဘက်သတင်းရပ်ကွက်ကပြောသည်။ (S.H.A.N 120112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနန်းကွင်းကျေးရွာ ဘုရားပွဲတော်အတွင်း လူအများအပြား ထိခိုက်သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုတွင် ကရင်အမျိုးသားအစည်းအရုံး KNU ၏ လက်ချက်ဖြစ်မည်ဟု ယူဆကြောင်း အစိုးရသတင်းစာတွင် ဇန်နဝါရီ ၁၃ ရက်နေ့ကဖော်ပြလိုက်သည့်အပေါ် KNU လက်ချက်မဟုတ်ကြောင်း KNU တာဝန်ရှိသူ ဗိုလ်ကြီးစောထဲနေက တုန့်ပြန်ပြောဆိုလိုက်သည်။ (KIC 130112) Read More…
- ဇန်နဝါရီလ (၂၅) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း မော်လမြိုင်မြို့တွင် မြန်မာအစိုးရအဖွဲ့နှင့် မွန်ပြည်သစ်ပါတီတို့ တွေ့ဆုံဆွေးနွေးသွားရန် မွန်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့မှတဆင့် သက်ဆိုင်ရာမြန်မာအစိုးရအရာရှိထံအကြောင်းကြားခဲ့သည်ဟု မွန်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်နိုင်စိုးမြင့်ကပြောသည်။ (IMNA 130112) Read More…
- ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာအစိုးရ ပြည်နယ်အဆင့် ဝန်ကြီးများ ကရင်ပြည်နယ်၏ မြို့တော်ဘားအံမြို့တွင် အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီမှုရရှိခဲ့သော်လည်း လိုအပ်သည့်အဆင့်များကို အဆင့်များစွာထပ်မံ ဆွေးနွေးရန်လိုအပ်နေသေးကြောင်း ဇန်နဝါရီ ၁၄ ရက်နေ့ KNU ဒု-ဥက္ကဋ္ဌ စောဒေးဗစ်သကဘောာ ပြောသည်။ (KIC 140112) Read More…
- မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် သွားရောက်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး KNU ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်နေ့နေက ဒု-သမ္မတ စိုင်းမောက်ခမ်းနှင့်တွေ့ဆုံခဲ့ကြောင်း KNU မှ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဗိုလ်မှူးချုပ်ဂျော်နီကပြောသည်။ (KIC 140112) Read More…
- ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် ကရင်အမျိုးသားအစည်းအရုံး KNU ငြိမ်းချမ်းရေး ဆွေးနွေးမှုအဖွဲ့သည် ဇန်ဝါရီ ၁၃ ရက်နေ့ ညက နေပြည်တော်ကို ရောက်ရှိသွားပြီး အပစ်ရပ်ရေးကိစ္စကို မီးရထားဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် မြန်မာအစိုးရ ငြိမ်းချမ်းရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့နှင့် ဇန်နဝါရီ ၁၄ ရက်နေ့တွင် အသေးစိတ်ထပ်မံဆွေးနွေးကြမည်ဟု နေပြည်တော် အသိုင်းအဝိုင်းကဆိုသည်။ (RFA 140112) Read More…
- မွန်ပြည်သစ်ပါတီ NMSP ဝင် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်၌ မပါဘဲ ဆက်လက်ထိန်းသိမ်းထားခြင်းသည် လာမည့် ဇန်နဝါရီ ၂၇ ရက်နေ့ နောက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရန်ရှိသည့် မွန်ပြည်သစ်ပါတီ NMSP နှင့် အစိုးရတို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် အပေးအယူအလျော့အတင်း လုပ်စရာကိစ္စတpfခုအဖြစ် ထားရှိခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ NMSP ဗဟိုကော်မတီတစ်ဦးက ပြောသည်။ (Phophtaw 140112) Read More…

အတိုက်အခံအင်အားစုများ (ပြည်ပ)

- ဗမာတိုင်းရင်းများ ချုပ်ကိုင်သော မြန်မာအစိုးရက "စစ်မှန်သော ဖက်ဒရယ် (Federal) ပြည်ထောင်စုမှုကို လက်မခံလျှင် သီးခြား ကချင်ခွဲထွက်ရေးလမ်းစဉ်ကို နက်နက်နဲနဲလိုလားကြောင်း ဇန်နဝါရီလ ၃ ရက်နေ့က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည့် ကချင်အမျိုးသားများနိုင်ငံရေးဆွေးနွေးပွဲအပြီး ၎င်းတို့၏ဆန္ဒများအားထုတ်ပြန်လိုက်သည်။ (KNG 100112) Read More…
- မြန်မာအစိုးရ သမ္မတဦးသိန်းစိန်၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) ဖြင့် အကျဉ်းသား ၆၅၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာတွင် သျှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ၈၈ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၀၀ ဦးကျော် ဇန်နဝါရီ ၁၃ ရက်နေ့က လွတ်မြောက်လာသည့်အပေါ် ထိုင်း-မြန်မာနယ်စပ်အခြေစိုက် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က ကြိုဆိုလိုက်သည်။ (KIC 130112) Read More…

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ထောက်ပံ့မှုများတွင် ဒေသတွင်းနိုင်ငံများနှင့်နိုင်းစာလျှင် လွန်စွာနည်းပါးနေသည့်အတွက် သဘာဝဘေး အန္တရယ်နှင့်ရင်ဆိုင်ရသည့်အခါဖြစ်စေ၊ ရွှေပြောင်းရွှေ့ရောင် စစ်ပြေးဒုက္ခသည်များကို ကူညီရာ၌ဖြစ်စေ စိတ်ခေါ်မှုများနှင့် ရင်ဆိုင်နေရ ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် အာရှေ့နီဂမ်က ပြောသည်။ (BBC 090112) Read More…
- လာမည့် ဧပြီ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့် အသံများကို ဥရောပသမဂ္ဂ EU အလှည့်ကျ ဥက္ကဋ္ဌ အဖြစ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဒိန်းမတ်နိုင်ငံက အနီးကပ်စောင့်ကြည့်လေ့လာမည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးမှု

ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက ဇန်နဝါရီ ၆ ရက်နေ့တွင်ပြောကြားလိုက်သည်။ (The Myanmar Post 090112) Read More…

- မြန်မာအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးလိုက်ခြင်းကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက လိုက်လှဲစွာကြိုဆိုလိုက်ကြောင်းနှင့် ယင်းအပြောင်းအလဲခိုင်မာရေးကို နိုင်ငံတကာမှကူညီကြရန် တိုက်တွန်းလိုက်ကြောင်း အတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောခွင့်ရ အယ်လ်ဒွာဒိုဒူဘေးက ပြောသည်။ (VOA 130112) Read More…

## (ခ) အစိုးရ

- မြန်မာအစိုးရ၏ လူကုန်ကူးမှုတားဆီးရေး ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုသော်လည်း ဥပဒေချိုးဖောက်သူများကို ဖမ်းမိသည်ဆိုသည်နှင့်မကျေပ်နပ်နေဘဲ အရည်အချင်းပြည့်ဝသည့် ရဲအရာရှိများဖြစ်လာစေရန်နှင့် ကြိုးပမ်းဆောင်ရွက်ရန် မြန်မာနိုင်ငံရောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမေရိကန်သံအမတ်ကြီး Luis Cde Baca က တိုက်တွန်းခဲ့ကြောင်း တွေ့ဆုံပွဲတက်ရောက်ခဲ့သူ ရဲမှူးကြီး ဦးစိုးမြိုင်က ပြောသည်။ (BBC 090112) Read More…
- လက်ရှိပြောင်းလဲတိုးတက်လာသည့် အခြေအနေများကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ အရေးယူထားသည့် အချက်အချို့ဖြစ်သော ငွေရေးကြေးရေးနှင့် ခရီးသွားလာခွင့် ပိတ်ဆို့ဟန့်တားမှုကို လျှော့ပေးလိုက်ကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ (VOA 090112) Read More…, RFA…
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားသည့် သဘောထားသည် ဂျပန်နိုင်ငံနှင့်ထပ်တူထပ်မျှဖြစ်သည်ဟု တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်စသည့် အာရှဒေသမိတ်ဆွေသုံးနိုင်ငံသို့ခရီးသွားရောက်၍ မြန်မာ့အရေးဆွေးနွေးခဲ့သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ် (Kurt Campbell) က ၎င်း၏ခရီးစဉ်အပြီးတွင် ပြောကြားလိုက်သည်။ (VOA 090112) Read More…
- မြန်မာနိုင်ငံတွင် အစိုးရတာဝန်ရှိသူများ၊ ခေါင်းပုံဖြတ်အလုပ်ရှင်များ၏ အဓမ္မလုပ်အားပေးခိုင်းစေမှု ပြဿနာများ၊ လိင်ဖျော်ဖြေရေးအတွက် လူမှောင်ခိုကူးမှုများ၊ ကလေးစစ်သားများနှင့် စစ်တပ်အပါအဝင် ဒေသခံအာဏာပိုင်များ၏ အဓမ္မအလုပ်ကြမ်းခိုင်းစေသည့် ပြဿနာများရှိနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံရောက် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်သံအမတ်ကြီး Luis CdeBaca က ၎င်း၏ သတင်း စာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 110112) Read More…
- မြန်မာနိုင်ငံတွင် လူကုန်ကူးမှုများနှင့် အဓမ္မစေခိုင်းမှုများကို တိုက်ဖျက်ရန် အဓိကအဟန့်အတားအဖြစ် ခေတ်နောက်ကျနေသည့် ဥပဒေများကြောင့်ဖြစ်ကြောင်း၊ ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်လည်း အားနည်းနေကြောင်း မြန်မာနိုင်ငံရောက် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်သံအမတ်ကြီး Luis CdeBaca က ဝေဖန်ပြောဆိုလိုက်သည်။ (VOA 110112) Read More…
- အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချမက်ကောသည် လာမည့်သီတင်းပါတ်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ရန်ရှိကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိစ္စများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဟု ၎င်း၏ရုံးခန်းမှ သတင်းထုတ်ပြန်လိုက်သည်။ (BBC 120112) Read More…
- ဇန်နဝါရီ ၁၂ ရက်နေ့ ထုတ်ပြန်လိုက်သည့် သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အရ အကျဉ်းသား ၆၅၁ ဦးတွင် နိုင်ငံရေးအကျဉ်းသား ပါမပါစောင့်ကြည့်နေပြီး ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသား ၁ ထောင်ကျော်ခန့်ကိုလည်း ချွင်းချက်မရှိအမြန်ဆုံး ပြန်လွှတ်ပေးရန်တောင်းဆိုလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနကပြောကြားလိုက်သည်။ (VOA 120112) Read More…
- မြန်မာနိုင်ငံကိုရောက်ရှိနေသည့် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Derek Mitchell နှင့် လူကုန်ကူးမှုဆိုင်ရာ အမေရိကန်သံအမတ်ကြီး Luis CdeBaca တို့က ဇန်နဝါရီ ၁၂ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့အရေးဆွေးနွေးရန်တွေ့ဆုံခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောသည်။ (VOA 120112) Read More…
- အမေရိကန် ပြည်ထောင်စု အောက်လွှတ်တော် အမတ် မစ္စတာ ဂျိုး ခရိုလီနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်နေ့ ညနေ ၄ နာရီက နိုင်ငံရေး အကျဉ်းသားမိသားစုဝင်အချို့နှင့် ရန်ကုန်မြို့ အမှတ် ၁၄ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ၁ နာရီကျော် တွေ့ဆုံခဲ့ရာ နိုင်ငံရေးအကျဉ်းသားကိစ္စများလွှတ်ရေးနှင့်တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးရရှိရေးကိစ္စများကို အဓိကထားဆွေးနွေးခဲ့ကြောင်း ရှေ့နေ ဦးအောင်သိန်းကပြောသည်။ (Irrawaddy 120112) Read More…
- မြန်မာအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသားအများအပြား ပြန်လည်လွှတ်ပေးလိုက်ခြင်းကို အမေရိကန် သမ္မတ ဘာရက်အိုဘားမားက ချီးကျူးကြိုဆိုလိုက်သည်။ (VOA 130112) Read More…
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအများအပြား ပြန်လည်လွှတ်ပေးခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့မှုတို့ကို ကြိုဆိုသည့်အနေဖြင့် နှစ်နိုင်ငံသံအမတ်အဆင့် သံတမန်ဆက်ဆံရေးတိုးမြှင့်သွားရန်

ဆုံးဖြတ်လိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် (Hilary Clinton) က ကြေညာလိုက်သည်။ (VOA 130112) Read More..., BBC...

- မြန်မာနိုင်ငံတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ ၈၈ မျိုးဆက်ကျောင်းသားများနှင့် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသား အများအပြားလွှတ်ပေးလိုက်သည့်အပေါ် ကျေနပ်မိပါသည်ဟု ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဂီလျံဟိတ်ဂ် (William Hague) က ပြောကြားလိုက်သည်။ (VOA 130112) Read More..., Mizzima...
- အမေရိကန်အောက်လွှတ်တော်အမတ် ဂျိုးဆက်ခရော်လီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်ကို ဇန်နဝါရီ ၁၃ ရက်နေ့ တက္ကသိုလ်ရိပ်သာလမ်းရှိ သူမ၏နေအိမ်၌ တွေ့ဆုံခဲ့ပြီးနောက် အခြားနိုင်ငံရေးအကျဉ်းသားမိသားစုဝင်များ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များကို သွားရောက်တွေ့ဆုံခဲ့သည်။ (Myit Makha 130112) Read More...
- မြန်မာ့အရေးကို အလေးပေးပြောဆိုခဲ့သော ရီပတ်ဘလီကန် လွှတ်တော်အမတ် မစ်ချ် မက်ကော်နယ် မြန်မာပြည်သို့ ပထမဆုံးအကြိမ် လာရောက်မည်ဖြစ်ပြီး ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ခရီးစဉ်အတွင်း မက်ကော်နယ်သည် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအာဏာပိုင်တို့နှင့် သီးခြားတွေ့ဆုံမည်ဖြစ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။ (Irrawaddy 130112) Read More...
- ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး အလန်ယူပေး (Alain Juppe)က မြန်မာနိုင်ငံသို့ အဆင့်အမြင့်ဆုံး ဝန်ကြီးတစ်ဦး သမိုင်းဝင်ခရီးစဉ်အဖြစ် ဇန်နဂါရီ ၁၄ ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီး မြန်မာအစိုးရသစ်၏ ပြုပြင်ပြောင်းလဲရေး တိုးတက်မှုများကို ဆက်လက်လုပ်ဆောင်သွားရန် သမ္မတ ဦးသိန်းစိန်အပါအဝင် အာဏာပိုင်များကို တိုက်တွန်းသွားမည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ (VOA 140112) Read More...
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲယ်သည် ဇနနဝါရီ ၁၃ ရက်နေ့က ပြည်ပရောက် အတိုက်အခံအဖွဲ့များနှင့် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့ကာ ၄င်းတို့မူဝါဒများအပေါ် သဘောတားမှုများကို လာရောက်မေးမြန်းခဲ့သည်ဟု ပါဝင်တက်ရောက်ခဲ့သူ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ DPNS ဥက္ကဌ ဦးအောင်မိုးဇော်က ပြောသည်။ (BBC 140112) Read More...
- မြန်မာအစိုးရ၏ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးလိုက်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် နော်ဝေးနိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုအချို့ကို အကန့်အသတ်နှင့် ပြန်ရုပ်သိမ်းရန်ဆုံးဖြတ်လိုက်ကြောင်း နော်ဝေးနိုင်ငံခြားရေး ဝန်ကြီးဌာနက ဇန်နဂါရီလ ၁၄ ရက် နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (VOA 140112) Read More...
- မြန်မာနိုင်ငံတွင် ကျန်နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးခြင်းခြင်း၊ လူမျိုးစု၊ လူနည်းစုများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ခြင်း နှင့် မြောက်ကိုရီးယားနှင့်စစ်ရေးဆိုင်ရာဆက်ဆံမှုများရပ်ဆိုင်းခြင်းများ ပြုလုပ်မည်ဆိုပါလျှင် အမေရိကန်-မြန်မာ ဆက်ဆံရေး တိုးတက်လာနိုင်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် (Hillary Clinton) က ပြောကြားလိုက်သည်။ (VOA 140112) Read More...

***End of report/ Saturday, January 14, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***